# အခြေခံမှအဆင့်ဆင့်တည်ဆောက်ထားသော ဖက်ဒရယ်စနစ်
# ကရင်နီတို့၏ နိုင်ငံတည်ဆောက်ပုံ စံနမူနာ

**စာတမ်းအနှစ်ချုပ်**

စစ်အုပ်စု၏ ကျူးလွန်နေသော အာဏာသိမ်းရေးကြိုးပမ်းမှုနောက်ပိုင်းတွင် မြန်မာပြည်သူများသည် စစ်အုပ်စုမှ တစ်နိုင်ငံလုံးအနှံ့ဖော်ဆောင်သော အကြမ်းဖက်စစ်ဆင်ရေးကို ခံစားနေကြရသည်။ ထို့အပြင် ၎င်းတို့သည် စစ်အုပ်စုကဖန်တီးထားသော ပိုမိုဆိုးရွားလာနေသည့် စီးပွားရေးကပ်ဘေး၊ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကျပ်အတည်းကိုလည်း ရင်ဆိုင်နေကြရသည်။ ထိုအခြေအနေများ ရှိနေသော်လည်း နိုင်ငံ၏နယ်မြေအများစုတွင် ပေါ်ပေါက်သော ဘက်ပေါင်းစုံလူထုတော်လှန်ရေးသည် အလွှာစုံအားလုံးပါဝင်သည့် မြန်မာနိုင်ငံသစ်ကို တည်ဆောက်နေကြသည်။ စစ်အုပ်စု၏ ထိန်းချုပ်မှုမှ လွတ်မြောက်သော နယ်မြေများတွင် အောက်ခြေမှအထက်သို့စီးဆင်းသော ပြည်သူ့ကိုယ်စားပြု အဖွဲ့အစည်းများသည် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (ethnic resistance organization - ERO) များ၏ နဂိုရှိပြီးသား အုပ်ချုပ်ရေးစနစ်များနှင့်အတူ အရပ်သားပြည်သူများကို စီမံအုပ်ချုပ်ခြင်း၊ စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်မှုများမှ ကာကွယ်ပေးခြင်း၊ နှင့် များစွာလိုအပ်နေသည့် ပြည်သူ့ဝန်ဆောင်မှုများ ပံ့ပိုးဖြည့်ဆည်းပေးခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

"အခြေခံမှ အဆင့်ဆင့်တည်ဆောက်ထားသော ဖက်ဒရယ်စနစ် - ကရင်နီတို့၏ နိုင်ငံတည်ဆောက်ပုံ စံနမူနာ" စာတမ်းကို ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၊ ကရင်နီအမျိုးသမီးအစည်းအရုံး၊ ကရင်နီပြည် လူငယ်များသမဂ္ဂနှင့် ရှေ့ပြေးအသံအဖွဲ့တို့အပါအဝင် မြန်မာအရပ်ဘက်လူထုအဖွဲ့အစည်း ငါးဖွဲ့တို့မှ ပူးတွဲရေးသားထုတ်ဝေသည်။ ဤစာတမ်းသည် မြန်မာစစ်အုပ်စု၏ ကျူးလွန်နေသော အာဏာသိမ်းရေး ကြိုးပမ်းမှုအပေါ် တစ်နိုင်ငံလုံးတန်ပြန်တုံ့ပြန်ဆောင်ရွက်မှု၏ အစိတ်အပိုင်းဖြစ်သော ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးတွင် ရှေ့ဆောင်လမ်းပြဖြစ်သည့် အောက်ခြေမှ အဆင့်ဆင့် တည်ဆောက်ထားသော ကရင်နီပြည်ကြားကာလအစိုးရ၏ ဖွဲ့စည်းမှုနှင့် တိုးတက်ပြောင်းလဲမှုတို့ကို လေ့လာဆန်းစစ်ထားသည်။ ကရင်နီပြည်ရှိ တော်လှန်ရေးမှပေါက်ဖွားသော ဖက်ဒရယ်ပြည်နယ် တည်ဆောက်ရေးလုပ်ငန်းစဉ်ကို ဖက်ဒရယ်ဒီမိုကရက်စီပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးဟူသော ကရင်နီပြည်သူများ၏ ကာလရှည်ကြာနိုင်ငံရေးလိုလားချက်များကို ထင်ဟပ်သည့် အားလုံးပါဝင်မှုရှိသော ဗဟိုဦးစီးချုပ်ကိုင်မှုမရှိသည့် အုပ်ချုပ်ရေးတစ်ရပ်ကို အုတ်မြစ်ချတည်ထောင်ရန် လက်ရှိသွားနေသည့် ကြိုးပမ်းအားထုတ် ဆောင်ရွက်မှုများက ပံ့ဖော်နေသည်။

တော်လှန်ရေးအင်အားစုများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် လူငယ်နှင့် အမျိုးသမီးအဖွဲ့အစည်းများတို့၏ ပူးပေါင်းဆောင်ရွက်မှုများမှ ဖြစ်ထွန်းပေါ်ပေါက်လာသော ကရင်နီပြည် ကြားကာလအစိုးရသည် ကရင်နီပြည်ကြားကာလအစီအမံ (Karenni State Interim Arrangement - KSIA) ၏ မူဘောင်အောက်တွင် စီမံလည်ပတ်နေသည်။ ကရင်နီပြည်ကြားကာလအုပ်ချုပ်မှုစနစ်၏ ဗဟိုချက်မှာ

တော်လှန်ရေးကာလအတွင်း လူမျိုးပေါင်းစုံပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သည်သာမက ယန္တရားများကိုလည်း အပြန်အလှန်တည့်မတ် ထိန်းကျောင်းသော မူဝါဒများကို ချမှတ်ပေးသည့် ကရင်နီပြည်အတိုင်ပင်ခံကောင်စီ (Karenni State Consultative Council - KSCC) ပင်ဖြစ်သည်။

အုပ်ချုပ်ရေးမဏ္ဍိုင်ဖြစ်သည့် ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ (Interim Executive Council of Karenni State - IEC) သည် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီကဲ့သို့ မရှိမဖြစ်လိုအပ်သော အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ပံ့ပိုးရေးကို ညှိနှိုင်းဆောင်ရွက်ပေးသည့် ဗဟိုဦးစီးချုပ်ကိုင်မှု မရှိသော သက်ဆိုင်သူပေါင်းစုံပါဝင်သည့် အများပြည်သူဆိုင်ရာအုပ်ချုပ်ရေး ယန္တရားတစ်ရပ် ဖော်ဆောင်ရေးတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေသည်။ ဥပဒေပြုရေး မဏ္ဍိုင်ဖြစ်သည့် ကရင်နီပြည်ကြားကာလလွှတ်တော် (Karenni State Interim Parliament - KSIP) ကို ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖွဲ့စည်းထားပြီး ၎င်းသည် ဒီမိုကရေစီနည်းကျ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများမှတစ်ဆင့် ဥပဒေပြဋ္ဌာန်းရန်၊ IEC ၏ လုပ်ဆောင်မှုများကို စောင့်ကြည့်ရန်နှင့် ဥပဒေပြုရေးလုပ်ငန်းစဉ်များကို အုတ်မြစ်ချတည်ထောင်ရန် တာဝန်ရှိသည်။ KSIP သည် ဥပဒေပြုရေး လုပ်ငန်းစဉ်အတွင်း ပွင့်လင်းမြင်သာရှိမှု သေချာစေရေး ဥပဒေများကို သုံးသပ်ရန်၊ မူကြမ်းရေးဆွဲရန်နှင့် စိစစ်ရန်အတွက် အထူးအလုပ်အဖွဲ့ကော်မတီများဖွဲ့စည်းကာ ဆောင်ရွက်နေသည်။ ထို့အပြင် ရပ်ရွာလူထု၏ လိုအပ်ချက်များကို ထင်ဟပ်ပြီး KSIA ပါအခြေခံမူများကို လေးစားလိုက်နာသည့် ဥပဒေများ ပြဋ္ဌာန်းနိုင်ရန်အတွက်လည်း KSCC နှင့် ပူးပေါင်းဆောင်ရွက်သည်။

တရားစီရင်ရေးမဏ္ဍိုင်ဖြစ်သည့် ကရင်နီပြည်ကြားကာလတရားစီရင်ရေး (Karenni State Interim Judiciary - KSIJ) ကို တရားရုံးချုပ် တစ်ရုံးနှင့် ခရိုင်နှင့်မြို့နယ်တရားရုံးများဖြင့် ဖွဲ့စည်းထားသည်။ KSIJ သည် ERO များ၏ တရားစီရင်ရေး စနစ်များနှင့် တရားရုံးများ၏ တရားဝင်မှုကို အသိအမှတ်ပြုထားပြီး ဒေသန္တရဓလေ့ထုံးတမ်းဥပဒေများနှင့် တရားစီရင်ရေးဆိုင်ရာ ကျင့်ထုံးများကိုလည်း လူ့အခွင့်အရေး အခြေခံမူများနှင့် မဆန့်ကျင်သော အဖြစ်အပျက်များတွင် ပေါင်းစပ်ထည့်သွင်းခွင့်ပြုထားသည်။ ကြားကာလ တရားစီရင်ရေးစနစ်အောက်တွင် စစ်ဘက်နှင့် အရပ်ဘက်တရားစီရင်ရေးစနစ်များကို သပ်သပ်စီခွဲခြားထား သည်။

ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးစနစ်တစ်စုံလုံးအဖြစ် ရှိနေသော KSCC၊ IEC၊ KSIP နှင့် KSIJ တို့သည် တော်လှန်ရေးကာလတွင် အားလုံးပါဝင်သော ဒီမိုကရေစီအုပ်ချုပ်ရေးပုံစံများ တည်ဆောက်လိုသည့် ကရင်နီပြည်သူများ၏ သန္နိဋ္ဌာန်နှင့် မျှော်မှန်းချက်ကို ထင်ဟပ်သည်သာမက ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုမြန်မာနိုင်ငံသို့ အသွင်ကူးပြောင်းရေးတွင် ရှေ့ဆောင်လမ်းပြအဖြစ်လည်း ရှိနေသည်။

ဤစာတမ်းသည် ကရင်နီပြည်ရှိ ဆင့်ကဲဖြစ်ပေါ်ပြောင်းလဲနေသော အုပ်ချုပ်ရေးစနစ်ကို အလွှာစုံ အားလုံးပါဝင်သောအုပ်ချုပ်ရေးစနစ် (multi-level inclusive governance system - MIGS) တစ်ခုအဖြစ် သုံးသပ်ပုံဖော်ထားသည်။ တရားဝင်မှု၊ အားလုံးစုံလင်ပါဝင်မှု၊ ပေါင်းစပ်မှု၊ နှင့် ရေရှည်တည်တံ့မှုတို့ကို ခွဲခြမ်းစိတ်ဖြာသည့် ရှုထောင့်များမှတစ်ဆင့် MIGS သည် ကရင်နီပြည်တွင် ကိုယ်စားပြုမှုရှိသော

ဒီမိုကရေစီနည်းကျ ပြည်သူ့အုပ်ချုပ်ရေးကို ဖန်တီးရန်အတွက် အသစ်ဖွဲ့စည်းထားသော အခြေခံမှအဆင့်ဆင့် တည်ဆောက်ထားသည့် အုပ်ချုပ်ရေးစနစ်များကို ERO များ၏ နဂိုရှိပြီးသားအုပ်ချုပ်မှုစနစ်များနှင့် မည်သို့ပေါင်းစပ်ထားကြောင်းကို စာတမ်းက လေ့လာသုံးသပ်ထားသည်။ ထို့အပြင် ကရင်နီပြည်အစိုးရ၏ အခြေခံမှအဆင့်ဆင့်တည်ဆောက်ထားသော အုပ်ချုပ်ရေးနှင့် ဆုံးဖြတ်ချက်ချသည့်အဆင့်တိုင်းတွင် ကရင်နီပြည်သူများ စုံလင်စွာ အားလုံးပါဝင်မှု ရှိစေရေးအတွက် ကရင်နီပြည်ကြားကာလအစိုးရ၏ ကြိုးပမ်းအားထုတ်ပုံကို ထင်ရှားသောသာဓကများဖြင့် ရေးသားတင်ပြထားသည်။

KSIA တွင် ထည့်သွင်းဖော်ပြထားသကဲ့သို့ပင် ကရင်နီအုပ်ချုပ်ရေးပုံစံသည် ကရင်နီပြည်သူများ၏ နိုင်ငံရေးရည်ရွယ်ချက်များကို မြှင့်တင်ပေးရုံသာမက ပိုမိုကျယ်ပြန့်သော မြန်မာ့နွေဦးတော်လှန်ရေး၏ ဖက်ဒရယ်ဒီမိုကရေစီ မျှော်မှန်းချက်များကိုပါ တစ်ထောင့်တစ်နေရာမှ ပံ့ပိုးပေးနေသည်။ ၎င်းသည် နဂိုရှိပြီးသားနှင့် အသစ်ဖွဲ့စည်းထားသော အုပ်ချုပ်မှုပုံစံနှစ်ခုစလုံးကိုပေါင်းစပ်ထားသည့် မြန်မာနိုင်ငံ၏ ပထမဆုံးသော ပြည်တွင်းဦးဆောင်ဖော်ဆောင်သည့် ဖက်ဒရယ်စနစ်အတွက် အရေးပါသော အသေးစိတ်ပုံစံ နမူနာတစ်ခုအဖြစ် တည်ရှိသည်။ ရပ်ရွာလူထုပူးပေါင်းပါဝင်ဦးဆောင်မှုကိုအခြေခံပြီး မြေပြင်ရှိ သမိုင်းနှင့် လူမှု-နိုင်ငံရေးဆိုင်ရာ အခင်းအကျင်းများကို ထင်ဟပ်သော ကရင်နီအုပ်ချုပ်ရေးပုံစံသည် ၎င်း၏ တရားဝင်မှုကို အစိုးရ၏အဆင့်တိုင်းတွင် ကရင်နီပြည်သူအားလုံး၏ တက်ကြွသောကိုယ်စားပြုမှု ပါဝင်စေခြင်းမှတစ်ဆင့်လာသည့် တရားဝင်မှုမျိုးဖြစ်စေရေး သေချာစေရန် ရည်ရွယ်လုပ်ဆောင်ထားသည်။ အားလုံးပါဝင်သော ဤချဉ်းကပ်မှုသည် မြေပြင်တွင် ကရင်နီပြည်တစ်ဝန်းရှိ လူထုအသိုင်းအဝိုင်းများကို ယုံကြည်မှုပိုမိုအားကောင်းစေသည်သာမက လုပ်ကိုင်နိုင်စွမ်းရည်များကိုလည်း မြှင့်တင်ပေးကာ အားလုံးပါဝင်မှုနှင့် တာဝန်ယူတာဝန်ခံမှုတို့အပေါ်အခြေခံသည့် တိုးတက်သောအုပ်ချုပ်ရေးစနစ်တစ်ရပ်ကို ထူထောင်နေသည်။

ကရင်နီစံနမူနာသည် တော်လှန်ရေးကာလကြိုးပမ်းအားထုတ်မှုများကို ကြားကာလအလွန် ဖက်ဒရယ် နိုင်ငံတည်ဆောက်ရေးနှင့် ပေါင်းကူးချိတ်ဆက်ခြင်းအားဖြင့် ဒေသန္တရ ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေးကို အားကောင်းစေသည့်တစ်ချိန်တည်းတွင် မြန်မာနိုင်ငံတစ်ဝန်း ရေရှည်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုတို့အတွက် အုတ်မြစ်ချပေးနေသည်။ ထို့ကြောင့် ငြိမ်းချမ်းပြီး အားလုံးပါဝင်နိုင်သော ဖက်ဒရယ်ဒီမိုကရေစီမြန်မာနိုင်ငံဆီသို့ ဆက်လက်ဦးတည်ချီတက်နေသော ကရင်နီတို့၏ နိုင်ငံတည်ဆောက်ပုံစံနမူနာနှင့် အခြားသော လူထုဦးဆောင်သည့် ကြားကာလ အုပ်ချုပ်ရေး စနစ်များအတွက် နိုင်ငံတကာအသိုင်းအဝိုင်းတို့မှ အသိအမှတ်ပြု ပံ့ပိုးကူညီရန် အလွန်အရေးကြီးသည်။

ယခုစာတမ်းသည် ကရင်နီပြည်တွင်းနှင့် ထိုင်း-ကရင်နီနယ်စပ်တစ်လျှောက် လုပ်ဆောင်ခဲ့သည့် တစ်စိတ်တစ်ပိုင်းပုံစံချထားသော တွေ့ဆုံမေးမြန်းမှုနှင့် ဦးတည်အစုအဖွဲ့ဆွေးနွေးမှု ၁၄ ခုတို့မှ ရရှိထားသော တွေ့ရှိချက်များအပါအဝင် ရှိနှင့်ပြီးသောအချက်အလက်များ သုတေသနပြုခြင်းနှင့် အရည်အသွေး အဓိကထားသော ကွင်းဆင်းသုတေသနတို့မှ ရရှိသောအချက်အလက်များကို အခြေခံရေးသားထားသည်။ တွေ့ဆုံမေးမြန်းမှုများကို ၂၀၂၄ ခုနှစ် မတ်လမှ မေလအတွင်း ဒေသခံအုပ်ချုပ်ရေးမှူးများ၊ CSO များ၊ ကရင်နီပြည်ကြားကာလအစိုးရအဖွဲ့ဝင်များကို လူကိုယ်တိုင်နှင့် အွန်လိုင်းမှတစ်ဆင့်မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

## အကြံပြုတိုက်တွန်းချက်များ

### နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အလှူရှင်များ

- တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သော ထိတွေ့ဆက်ဆံမှုများအပါအဝင် မြန်မာစစ်အုပ်စုနှင့် ဆက်ဆံရေးအားလုံးကို ဖြတ်တောက်ရန်၊
- ကရင်နီပြည်ကြားကာလအစိုးရကို ကရင်နီပြည်သူများ၏ တရားဝင်ကိုယ်စားပြုမှုရှိသော အစိုးရအဖြစ် အသိအမှတ်ပြုပြီး ထိတွေ့ဆက်ဆံရန်၊
- ပြည်သူများအပေါ် စစ်အုပ်စု၏ အကြမ်းဖက်စစ်ဆင်ရေးကို အဆုံးသတ်ရန်အတွက် လက်နက်၊ လေယာဉ်ဆီနှင့် အရပ်ဘက်-စစ်ဘက် နှစ်ဘက်သုံးထုတ်ကုန်များကို ပစ်မှတ်ထားသည့် ဟန်ချက်ညီသော ဒဏ်ခတ်ပိတ်ဆို့မှုများကို ချမှတ်ကျင့်သုံးအကောင်အထည်ဖော်ရန်၊
- ထိရောက်သော အုပ်ချုပ်မှု၊ အရပ်သားများကို အကာအကွယ်ပေးမှုနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများပံ့ပိုးမှုတို့ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ကရင်နီပြည်ကြားကာလအစိုးရကို အခြေခံအဆောက်အအုံ၊ မြေမြှုပ်မိုင်းရှင်းလင်းရေး၊ အုပ်ချုပ်ရေး၊ ဆက်သွယ်ရေးနှင့် တရားမျှတရေးယန္တရားများ အပါအဝင် နည်းပညာနှင့် ဘဏ္ဍာရေးအကူအညီများ ပံ့ပိုးပေးရန်၊
- ပြည်သူများကို လူထုဝန်ဆောင်မှုများ ပံ့ပိုးဖြည့်ဆည်းပေးရာတွင် ကရင်ပြည်နီကြားကာလအစိုးရနှင့် ထိတွေ့ဆက်ဆံတိုင်ပင်ဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်ရန်၊
- ကရင်နီပြည်ရှိ ဒေသခံအုပ်ချုပ်ရေးယန္တရားတင်မကဘဲ အခြားဒေသရှိ ဒေသခံအုပ်ချုပ်ရေးယန္တရားများ၏ အရေးကြီးသောအလုပ်များ ပိုမိုခိုင်မာအားကောင်းစေရန်အတွက် တော်လှန်ရေးကာလအတွင်း တည်ထောင်ဖွဲ့စည်းသော ပြည်သူ့အုပ်ချုပ်ရေးစနစ်များကို နည်းပညာနှင့် ဘဏ္ဍာရေးအကူအညီများ ပံ့ပိုးပေးရန်နှင့် တိုင်ပင်ဆွေးနွေးရန်၊
- ဒေသခံဦးဆောင်သည့် နယ်စပ်ဖြတ်ကျော်လမ်းကြောင်းများမှတစ်ဆင့် အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများ အပါအဝင် ရှေ့တန်းမျက်နှာစာတွင် တုံ့ပြန်ဆောင်ရွက်နေသော ဒေသခံအဖွဲ့များကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ တိုးမြှင့်ပေးပြီး တိုက်ရိုက်ပံ့ပိုးရန်၊ နှင့်
- ရန်ပုံငွေထောက်ပံ့မှုဆိုင်ရာမဟာဗျူဟာများကို ပြန်လည်သုံးသပ်ပြီး ထိုဗျူဟာများကို ဒေသခံအရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများ၊ ရှေ့တန်းမှ လူသားချင်းစာနာထောက်ထားမှုအရေး တုံ့ပြန်ဆောင်ရွက်နေသူများနှင့် အခြားပါဝင်ပတ်သက်သူများအတွက် ပိုမိုလက်လှမ်းမီပြီး ဝန်ထုပ်ဝန်ပိုးလျော့ပါးစေမည့် လိုက်လျောညီထွေဖြစ်သော သတ်မှတ်ချက်များကို ထည့်သွင်းနိုင်ရန် သို့မဟုတ် ဖန်တီးနိုင်ရန်အတွက် ပြင်ဆင်ရန်။

**KSCC၊ IEC၊ KSIP နှင့် KSIJ**

- ကရင်နီပြည်သစ်တည်ဆောက်ရေး ဆုံးဖြတ်ချက်ချသည့်အဆင့်တိုင်းတွင် အမျိုးသမီး၊ လူငယ်၊ တိုင်းရင်းသားနှင့် ဘာသာရေးလူနည်းစုများနှင့် LGBTQIA+ အသိုင်းအဝိုင်းနှင့် မသန်စွမ်းသူများ အပါအဝင် အခြားလူနည်းစုအသိုင်းအဝိုင်းများ ပြည့်ပြည့်ဝဝနှင့် အနှစ်သာရရှိရှိ ပါဝင်နိုင်ရေး သေချာစေရန်အပြင် ဖယ်ကြဉ်ခံအသိုင်းအဝိုင်းအားလုံး လူ့အဖွဲ့အစည်း၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ ရပ်ဝန်းအားလုံးတွင် အနှစ်သာရရှိရှိ ပါဝင်ထိတွေ့ဆောင်ရွက်နိုင်ရေး သေချာစေရန်အတွက် လုပ်ဆောင်ပေးရန်၊
- LGBTQIA+ အသိုင်းအဝိုင်း၊ မသန်စွမ်းသူများနှင့် တိုင်းရင်းသားနှင့်ဘာသာရေးလူနည်းစု အသိုင်းအဝိုင်းများအရေးကို ကရင်နီပြည်ကြားကာလအစိုးရ၏ မူဝါဒများတွင် ထည့်သွင်းမှု သေချာစေရေး ဆောင်ရွက်ပေးရန်၊
- ဓလေ့ထုံးတမ်းကျင့်သုံးမှုများသည် အမျိုးသမီး၊ ကလေးသူငယ်၊ ဘာသာရေးနှင့်တိုင်းရင်းသား လူနည်းစု အသိုင်းအဝိုင်းများနှင့် ဖယ်ကြဉ်ခံအသိုင်းအဝိုင်းများ၏ ရပိုင်ခွင့်များကို မယုတ်လျော့စေရေး သေချာစေရန် လုပ်ဆောင်သည့်တစ်ချိန်တည်းတွင် ဒေသခံလူထုအသိုင်း အဝိုင်းများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအလေ့အထများကို အသိအမှတ်ပြု လေးစားပြီး ပိုမိုအားကောင်းလာစေရေး လုပ်ဆောင်ပေးရန်၊
- အမြစ်တွယ်နေသည့် အမျိုးသမီးများကို မလိုမုန်းထားဖိနှိပ်သော၊ ဖိုဝါဒကြီးစိုးမှုကိုအားပေးသော ထုံးတမ်းအစဉ်အလာများနှင့် အလေ့အထများကို အမြစ်ဖြတ်ရန်အတွက် ထုံးတမ်းစဉ်လာ၊ ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ အဟန့်အတားများကို ကျော်ဖြတ်ရန်အတွက် လက်တွေ့ကျသော ကြိုးပမ်းအားထုတ်မှုများ တိုးမြှင့်လုပ်ဆောင်ရန်၊
- ဒေသန္တရအုပ်ချုပ်ရေးယန္တရားများ၏ လုပ်ငန်းလည်ပတ်မှု ထိရောက်ရေး သေချာရှိစေရန်အတွက် ပြည်သူ့အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ တူညီသော စံသတ်မှတ်ချက်ရှိလာစေရေး လုပ်ဆောင်ရန်၊
- ဆက်သွယ်ရေးများတွင် အလွဲအချော်ဖြစ်ခြင်းနှင့် ဖယ်ကြဉ်ဘေးထုတ်ခြင်းတို့ မဖြစ်စေရန် ဒေသန္တရအုပ်ချုပ်ရေးများ၊ အထူးသဖြင့် ကရင်နီပြည်ရှိ ဝေးလံခေါင်သီသော လူထုအသိုင်းအဝိုင်း များအတွက် ဆက်သွယ်ရေးပိုင်း အားကောင်းလာစေရေး လုပ်ဆောင်ရန်၊
- လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပံ့ပိုးဖြည့်ဆည်းရာတွင် စစ်အုပ်စုနှင့်တွဲလုပ်နေသော သို့မဟုတ် နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးထားသော ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် လက်တွဲဖြုတ်ရန်၊
- စစ်အုပ်စု၏ အကြမ်းဖက်စစ်ဆင်ရေးဒဏ် တိုက်ရိုက်ခံနေရသည့် IDP နယ်မြေများသာမက တစ်နိုင်ငံလုံးဆိုင်ရာအကျပ်အတည်း၏ ရိုက်ခတ်မှုဒဏ်ကို တစ်ဆင့်ခံ,ခံနေရသည့် ကရင်နီပြည် အတွင်းရှိ ကျေးလက်နှင့် ဝေးလံခေါင်သီသော လူထုအသိုင်းအဝိုင်းများထံသို့လည်း လူသားချင်း စာနာထောက်ထားမှု အကူအညီများ ရောက်ရှိစေရေး ဆောင်ရွက်ပေးရန်၊ နှင့်

- လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပို့ဆောင်ပေးဝေရာတွင် မတူညီသော လူထုအသိုင်းအဝိုင်းများအကြား လူမှုသဟဇာတဖြစ်မှုကို ထိန်းသိမ်းပြီး တင်းမာမှုများ ပို၍ မြင့်တက်စေမှုများကို ရှောင်ရှားရေး သေချာစွာ လုပ်ဆောင်ရန်။